
# ညွှန်းထားထား

၊ဆေးတက္ကသိုလ်၊

## ဆယ်နှစ်ကြိုးကာဝေ

ပြင်းပြင်းရှရှခံစားမှု အချစ်လုံးချင်းဝတ္ထုသစ်



တွေးကြည့်ပါ။

အချစ်ကို တရိုတသေ တလေးတနက်

ကိုးကွယ်ခံစားတတ်တဲ့ သူနဲ့

အချစ်ကိုတန်ဖိုးမထားတတ်

ပေါ့ပျက်ပျက် ခံစားတတ်တဲ့ သူမှာ

ဘယ်သူ ပိုခံစားရမယ် ထင်သလဲ

လွယ်လွယ်လေး မဖြေလိုက်နဲ့

အဖြေမှန်ဟာ  ရှင်ဖြေမယ့်အဖြေရဲ့

ပြောင်းပြန်ပဲ ဖြစ်လိမ့်မယ်...

**သလင်းနှင်းဆီ**

အခန်း - ၁

ဒီနေ့ကလေးကတော့ သလင်းရဲ့ ဘဝမှာ မှတ်မှတ်ထင်ထင်နှင့် ပျော်

ရှင်ဖွယ် နေ့ကလေး တစ်နေ့ပါပဲ။ တက္ကသိုလ် စတက်ခွင့်ရသော အထိမ်းအမှတ်အဖြစ် ဖေဖေ လက်ဆောင်ဆုချခဲ့သော TOYOTA SUPRA ပြိုင်ကား အမိုးပွင့်ပန်းရောင်ကလေးရယ်၊ မေမေ့လက်ဆောင် ဆယ့်နှစ်ကြိုးတပ် YAMAHA ACOUSTIC ဂီတာ အသစ်ကလေးရယ်နှင့်တင် သလင်း၏ တက္ကသိုလ် နေ့ရက်များက ပြည့်စုံခမ်းနာနေတော့မည်။ ဗိုက်ဆာလျှင် ထမင်းမစားဘဲ မနေနိုင်သလို၊ ရေဆာလျှင် ရေမသောက်ဘဲ မနေနိုင်သလို၊ ဂီတာဆာလျှင် ဂီတာမတီးဘဲ မနေနိုင်လောက်အောင် ဂီတာကို ရူးသွပ်သူဖြစ်သောကြောင့် သလင်း သွားလေရာဆီ ဂီတာပါတတ်မြဲ ဖြစ်ပါသည် ။ သလင်း၏ အခန်းထဲမှာ personal Collection အဖြစ် စုဆောင်းထားသော ဂီတာတွေတင် မနည်းမနောပါ။ အမျိုးအစားလည်း အစုံအလင်။ ရသမျှ ပိုက်ဆံတွေသည် ဂီတာဝယ်ခြင်းဆီမှာ သာ အဆုံးသတ်မြဲ။ သလင်း၏ ရူးသွပ်မှုမျိုးက တခြား မိန်းကလေးတွေနှင့် မတူပါ။ တခြား မိန်းကလေးတွေ ကြိုက်သော မိတ်ကပ်၊ နှုတ်ခမ်းနီတွေ အလှပြင်ပစ္စည်းတွေ ကိုယ်ခန္ဓာမှာ ခရေးခရာ တပ်ဆင်ရသော accesso ries အသုံးအဆောင်တွေ တန်ဖိုးကြီးရေမွှေးတွေ၊ လက်ကိုင်အိတ်တွေ၊ အဝတ်အစားတွေ၊ ဖိနပ်လှလှတွေ မစုတတ်ပါ။ သလင်းနှင်းဆီအတွက် တီရှပ်ရယ်၊ လည်သာ သို့မဟုတ် ဂျင်းဂျက်ကက်ရယ်၊ ဂျင်းန်ပဲန်ရယ်၊ ဝေါ့ခ်ကင်းရှူး ရှိရင် ပြည့်စုံပါပြီ။ ဂီတာတွေကိုတော့ မြင်ရင် ရင်မခုန်ဘဲ မနေနိုင်ချေ။ အဲဒီလောက် ဂီတာကို ချစ်ခင် စုံမက်သူတည်း။

ကျောင်းဝင်းထဲရောက်လျှင် ကားပေါ့ခ်မှာ ကားကိုရပ်ကာ အမိုးဖွင့်မောင်းလာသော ကားကို အမိုးပြန်တင်ရသည် ။ ပြီးတော့ Lover seat မှာ သက်ရှိ အဖော်တစ်ယောက်လို တယုတယ ခါးပတ်ကြိုးတောင် ပတ်ပေးထားသော ဂီတာလှလှကလေးကို နာမည်လှလှကလေးတွေ ပေးထား တတ်ပါသည် ။ စံပယ်၊ ခရေ၊ သဇင်၊ ကံ့ကော်၊ သစ္စာ၊ လာဗန်ဒါ၊ မ

က်ဂ်နိုလီယာ၊ လီလီ၊ ကျူးလစ်ပ်၊ အိုင်းရစ်စ်၊ Forget me-nots။ အိုး..အများကြီးပါပဲ။ ဂီတာတွေအားလုံးကိုလည်း ပန်းပွင့်ကလေးတွေကို မြတ်နိုးသလို သလင်းက မြတ်နိုးပါသည် ။

ဂီတာလေးကို နှုတ်ဆက်ပြီးမှ ကားပေါ်ကနေ ဆင်းသည် ။ ပထမနှစ် အင်္ဂလိပ်စာအတန်းတွေကို မရှာဖွေခင် ဗိုက်ထဲက ဆာလာသလိုရှိတာမို့ ကဲန်တင်းဆီသို့ ခြေလှမ်းတွေ ဦးတည်လိုက်သည် ။

***

"ပြန်လာခဲ့ပါ ဆယ့်နှစ်ကြိုး ကဝေမလေးရေ၊ မင်းကို ချစ်ခဲ့တာဟာ မုန်းဖို့ ချစ်ခဲ့တာမှ မဟုတ်တာ၊ နောက်ထပ် ဘယ်မိန်းကလေးကိုမှ ငါမလိုက်တော့ပါဘူး၊ အဲဒါ မင်းရဲ့ ကျိန်စာကြောင့် မိန်းကလေးတွေဆီက အမုန်းပဲရမှာ ကို စိုးလို့ မဟုတ်ဘူး ၊ မင်းတစ်ယောက်တည်းကိုပဲ ငါ့ရင်ခွင်ထဲ နေရာပေးထားချင်လို့ ပါ"

**ကြယ်စင်ဝန်းခ**

ကဲန်တင်းထဲမှာ လူတွေ စည်ကားနေတုန်း ပထမဆုံးနေ့မို့ အခန်းရှာ

၊ စာအုပ်စာတမ်းတွေ အတွက် စာရင်းသွင်းတာလောက်ပဲ လုပ်စရာရှိဦး မှာ မို့ ကြယ်စင်တို့ သူငယ်ချင်းတစ်သိုက် ကဲန်တင်းထဲမှာ ပဲ လာပြီး စား ကျက်ဖြန့်လွှင့်နေကြသည် ။ ယောက်ျားလေးတွေရဲ့ ထုံးစံအတိုင်း မြင် ကွင်းထဲ တိုးဝင်လာသမျှ အရောင်စုံ၊ အသွေးစုံ မိန်းကလေးစုံကို အမျိုးမျိုး အားပေးလိုက် ဝေဖန် မှတ်ချက်ချလိုက်၊ ရယ်မော ကျီစယ်နေ လိုက်နှင့် မအားလပ်နိုင်အောင် ရှိရသည် ။

"ကြယ်စင် မင်းရူပါနဲ့ မင်းဒီဇိုင်းကတော့ သေချာပေါက် ကင်းအရွေး ခံရမှာ ပဲ၊ ခုချိန်ထိ မင်းလောက် ရူပါလန်းတဲ့ ကောင် တစ်ကောင်မှ မ တွေ့သေးဘူး၊ အဲဒီတော့ ဘုရင်ဖြစ်မယ့် ကင်းအလောင်းအလျာပေါ့ကွာ၊ မင်းရဲ့ ကြင်လျာအလောင်းအလျာ ရွေးပွဲကလေး စလိုက်ရအောင်ကွာ၊ ငါတို့ က မဒီတစ်ယောက်ကို ငါတို့ သဘောအတိုင်း စိတ်ကြိုက်ရွေးချယ် မယ်၊ မင်း ဘာမှ ကြိုးစားနေစရာ မလိုဘူးနော်၊ အလိုက်သင့်ကလေး စီး မျောပါလာဖို့ ပဲ လိုတယ်၊ ကျန်တာအားလုံး ငါတို့ တာဝန်ထား..အိုကေ၊ ငါတို့ အတွက် စားသမျှ ရှင်းပေးမယ့် တကာတော် ရေမြွေရှင်မျိုး၊ အချိန် မရွေး ရွှေ့ချင်ရာ ရွှေ့လို့ လွယ်ကူစေမယ့် စီးတော်ယာဉ် ပိုင်ရှင်မျိုး၊ ပို က်ဆံ လိုလာတဲ့ အခါ ATM စက်ထဲကနေ အလွယ်တကူ သွားထုတ်ယူ သလိုမျိုး ဘယ်တော့မှ ပြန်ပေးစရာမလိုဘဲ အမြဲထုတ်ချေးပေးနိုင်မယ့် ဘဏ်ပိုင်ရှင်မျိုး ဆိုပါတော့လေ၊ ရူပါလာစရာ မလိုပါဘူး၊ ဟုတ်တယ် ဟုတ်"

ထုံးစံအတိုင်း လင်းလက်က အချွန်အမ၊ အတွန်းအလှော်၊ အနောက် အပြောင် သန်သူပီပီ စကားစသည် ။ ကြယ်စင်က ဒီသူငယ်ချင်းတွေနှင့် ပေါင်းလာတာ စတိတ်ကျောင်းသား ဘဝကတည်းကမို့ အတွင်းသိ အစ င်းသိ အကြောင်းသိတွေချည်းမို့ တဟားဟားသာ ရယ်လို့ နေသည် ။ ကျောင်းမှာ ကတည်းက ဒီကောင်တွေ မလွယ်။ ကြယ်စင့်ကိုအသုံးချပြီး

ကောင်မလေးတွေကို ကြယ်စင်က စိတ်ဝင်စားနေသလို မျှော်လင့်ချက်ပေး၊ ကောင်မလေးတွေက အဟုတ်ကြီးထင်ပြီး မျှော်လင့်၊ အဲဒါကိုပဲ အခွင့်ကောင်းယူကာ ကောင်မလေးတွေဆီက ပိုက်ဆံကပ်ချေး၊ မုန့်ဝယ်ကျွေးခိုင်း၊ စသဖြင့် ရိုက်စားလုပ်နေကျ။ ကြာလာတော့ ကြယ်စင့်ဘက်က ဘယ်လိုမှ လှုပ်ရှားမလာလျှင် ကောင်မလေးတွေ သူတို့ ဘာသာ သဘောပေါက်ပြီး နောက်ဆုတ် သွားကြသည် ချည်း။ ကြယ်စင်ကလည်း ကိုယ့်ကို ဘာမှ မထိခိုက်သရွေ့တော့ ဒီကောင်တွေ ရိုက်စားလုပ်နေတာကို ဘော်ဒါစိတ်ဖြင့် နားလည်စွာ ပြဿနာမရှာတတ်သူဖြစ်သည် ။

"ဟော တားဂတ်(ထ်) တွေ့ပြီဗျာ"

ဒီတစ်ခါ ထအော်သူက ထူးဆန်း ဖြစ်သည် ။ ဒီကောင်က ဒါမျိုးဆိုလျှင်မှ လျှင်။ ဘယ်မိန်းကလေးက အယုံလွယ်မလဲ၊ မျှော်လင့်လွယ်မလဲ၊ ဘတ်ဂျက်ထောမလဲ ဆိုတာကို အပြင်အဆင်၊ အသုံးအဆောင်တွေကြည့်ပြီး ခန့်မှန်းနိုင်သည် ။ သူတို့ ရွေးလိုက်သော မဒီလေးကိုလည်း ကြည့်ဦး။ ဝတ်ထားတာတော့ အပျံစား အလန်းစားပါပဲ။ လက်ကိုင်အိတ်ကြီးက GUCCI ။ စားပွဲပေါ်မှာ တင်ထားသော ကားသော့နဲ့ I Phone ကလေးကိုကြည့်ပြီး ထူးဆန်းက ရွေးချယ်လိုက်ပုံရသည် ။ ရုပ်ကတော့ မလန်းလှပါဘူး။ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းထူထူနှင့် ဆာမူရိုင်းဆံပင် ထူထူပုံစံမျိုးနှင့် ရိုးရိုးတုံးတုံး အယုံလွယ်တတ်မည့် ရုပ်မျိုးပါ။

"မင်းတို့ ကတော့ကွာ၊ တက္ကသိုလ် ကျောင်းသားတွေတောင် ဖြစ်လာပြီ၊ ရင့်ကျက်စမ်းပါလားကွာ၊ မနူးမနပ် သူငယ်နှပ်စားအကြံမျိုးတွေ စွန့်လွှတ်လိုက်စမ်းပါ"

ကြယ်စင်က ပြောနေကျစကားကို ပြောပေမယ့် သူတို့ ကလည်း နားမထောင်ရေးချ နားမထောင်ချေ။

"ကျစ်  မင်း အသာနေစမ်းပါ၊ ဒီကနေ မင်း သူ့ဆီ မကြာခဏလေး သာ လှမ်းလှမ်းရှူးပေး၊ အဲဒါဆိုရပြီ၊ ငါတို့ ဇာတ် ငါတို့ ဘာသာ ကမယ်"

ဆိုပြီး နှစ်ယောက်သား လစ်ထွက်သွားကြသည် ။ စားပွဲပေါ်မှာ သူ တို့ မှာ စားထားတာတွေက အပုံအပင်။

***

ရိုးရိုးကလေးပဲ မျှော်လင့်သွားမိခဲ့တာပါ။

အဲဒီ မျှော်လင့်ချက်ကလေးနဲ့ ကြည်နူးစွာ

ရှူးခဲ့ရတာလည်း ကျေနပ်ပြီးသားပါ။

တစ်ခုတော့ ပြောချင်တယ်။ မိန်းကလေး

တစ်ယောက်ရဲ့ ရိုးသားဖြူစင်လွန်းတဲ့

အချစ်ကို ရှင်တို့ မကစားသင့်ဘူး၊

အရောင်မဆိုးသင့်ဘူး၊ မစော်ကားသင့်ဘူး၊

ရှင် ဝင်္ကလည်မှာ ကို ကျွန်မစိုးတယ်။

အဲဒါ ရှင့်ကိုချစ်မိတဲ့ ကျွန်မရဲ့ အချစ်ပါပဲ

မိုးမဟာ

စားပွဲနားဆီ ကောင်လေးနှစ်ယောက် ချဉ်းကပ်လာတာကို မြင်ကတ ည်းက မဟာ ရင်ခုန်ချင်ပြီ။ ဒီနေ့ ကျောင်းဖွင့်စမို့ မိတ်ဆွေသူငယ်ချင်း လိုချင်မိတာတော့ အမှန်ပင်။ ဒီကောင်လေးတွေက သနားကမား ရုပ်ရ ည်သန့်သန့်၊ လူရည်သန့်သန့် ကလေးတွေဆိုတော့ သူငယ်ချင်းအဖြစ် ပေါင်းချင်မိသား။ စားပွဲမှာ ကျန်ရစ်ခဲ့သော ကောင်လေးက အချောဆုံး T WILIGHT ရုပ်ရှင်ထဲက ညို့မင်းသား ROBERT PATTISON လို ညို့မျက်ဝ န်းကလေးတွေနဲ့ စိတ်ဝင်းစားစဖွယ်အတိ။ သူ့ရုပ်ကလည်း အဲဒီမင်းသား နှင့် ခပ်ဆင်ဆင်ကလေး ထွက်နေသည် ။

"ခဏထိုင်မယ်နော်၊ ဘယ်အတန်းကလဲဟင်၊ ကျွန်တော်တို့ သူငယ်ချ င်းက ပြောတယ် အရမ်းမိုက်တယ်တဲ့ "

မဟာ့ရင်ထဲ လှပ်ခနဲ ပျော်သွားလျက် ထိုကောင်လေးဆီ လှမ်းကြည့် မိတော့ သူကလည်း ညို့ရိပ်ဆင်သော မျက်ဝန်းကလေးဖြင့် တစ်ချက်လှ မ်းကြည့်ကာ နှုတ်ခမ်းစွန်းကလေးတွေက အသည်းယားစဖွယ် ပြုံးရယ် တော့မလို ကော့ညွတ်ရီကလေးနှင့်မို့ မဟာ့ရင်တွေ လှုပ်လှုပ်ရှားရှား ခု န်လှုပ်သွားရပါသည် ။ အို  တကယ်လား။ သူက မဟာ့ကို မိုက်တယ်တဲ့ လား။ ဘုရားရေ...။ ပထမဆုံး ကျောင်းစတက်ရက်မှာ မဟာတို့ ဇာတစ န်းလက် ပွင့်လန်းလာပုံများ နှယ်။ မဟာကလည်း သူငယ်ချင်းဆိုလျှင် အဲ ဒီလို သန့်သန့်ပြန့်ပြန့် ချောချောမောမော ကောင်ချောကလေးတွေနဲ့ မှ ပေါင်းချင်တာကလား။ ဒါမှ သူတို့ ကိုမှီပြီး ကိုယ်ပါ ပေါ်ပြူလာဖြစ်နိုင်မ ယ် ဆိုပါစို့။ ကံကောင်းလျှင် သူတို့ ထဲက တစ်ယောက်ယောက်နှင့် ထိစ

ပ်ငြိမိကာ ချစ်ကြိုးသွယ်နိုင်သေးသည် ပင်။

"မဟာက E- မေဂျာ ပထမနှစ်တက်မှာ ပါ၊ မိုးမဟာပါ"

"ဟာ တိုက်တိုက်ဆိုင်ဆိုင် တိုင်တွေပတ်ကုန်ပြီ၊ ကျွန်တော်တို့ လည်း First Year E မေဂျာလေ၊ ဒီလိုဆို သူငယ်ချင်းတွေ ဖြစ်လို့ ရပြီပေ့ါ၊ ဝမ်းသာစရာဗျာ၊ ကျွန်တော်က ထူးဆန်း၊ ဒီကောင်က လင်းလက်၊ ဟိုတစ်ယောက်က ကြယ်စင်ဝန်းခတဲ့ ၊ အဲဒီကောင်က လူကြောက်တယ်။ ဟဲဟဲ ၊ ဘယ်လိုပြောရမလဲ၊ ကျွန်တော်တို့လို ပွင့်ပွင့်လင်းလင်းသမားမျိုး မဟုတ်ဘူး ပေ့ါ၊ ဒီကောင်က အံ့ပုန်း၊ ရှက်လည်း ရှက်တတ်တယ်၊ အထူးသဖြင့် သူ စိတ်ဝင်စားတဲ့ မိန်းကလေးဆို စကားမပြောရဲတော့ဘူး၊ နှုတ်ဆွံ့နေရော၊ ပုံစံကိုက ကြည့်ပါလား ရှက်ကိုးရှက်ကန်းနဲ့ ရှက်သွေးတွေဖြာနေတာ၊ ဒီကောင်က ဒီလိုပဲ"

"မဟာလည်း ကျောင်းဖွင့်ဖွင့်ချင်း သူငယ်ချင်းအသစ် တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ခင်မင်မှု အထိမ်းအမှတ်နဲ့ ကျွန်တော်တို့ ဝိုင်းအတွက်ရော မဟာ့ဝိုင်းအတွက်ပါ ရှင်းပေးချင်တယ်ဗျာ၊ ဟေ့ကောင် ထူးဆန်း ငါ့ကို ပိုက်ဆံချေးကွာ၊ ငါ့ပိုက်ဆံအိတ်ကျန်ခဲ့လို့ "

လင်းလက်က ဘောင်းဘီအိတ်ထဲ ဟိုနှိုက်ဒီနှိုက်ဖြင့် မရှိသည့် ပိုက်ဆံအိတ်ကို ရှာဖွေပါသည် ။ ထူးဆန်းကလည်း ထုံးစံအတိုင်း အိတ်ကပ်တွေစမ်းကာ ပိုက်ဆံရှာဟန်ပြုသည် ။ ကြယ်စင်ကတော့ ပြုံး၍ သာကြည့်နေသည် ။

မဟာ့အတွက် အမြင်မတော်တာတွေ ဖြစ်လာတာမို့၊

"အို မဟုတ်တာ၊ နေပါစေ၊ မဟာရှင်းပေးမှာ ပေ့ါ၊ မဟာ ရှင်းပါ့မယ်

"

ဆိုပြီး ပိုက်ဆံအိတ်ဖွင့်ကာ စားပွဲထိုးလေးကို လှမ်းခေါ်ပြီး ပိုက်ဆံရှင်းလိုက်သည် ။ လင်းလက်နှင့် ထူးဆန်းက အားနာပါးနာ ဟန်တွေနှင့်..

"မဟာကလည်း ဗျာ မဟုတ်တာ၊ အားနာစရာကြီး"

"မလိုပါဘူးရှင်၊ သူငယ်ချင်းတွေကို ကျွေးရမွေးရတာ မဟာ ကုသိုလ်ရတာပေါ့"

"ဒါဆို နောက်လည်း အဲဒီလို လုလုမရှင်းနဲ့ နော် ကျွန်တော်တို့ က အားနာတတ်တယ်"

ထူးဆန်းက ရွှတ်နောက်နောက်ဆိုသည် ။

"ဒါလား အားနာတဲ့ ရုပ်၊ နောက်လည်း ကျွန်မက လုလုမရှင်းပါဘူးရှင်၊ အသာအယာပဲ ရှင်းမှာ ပါ"

မဟာက ခင်မင်နှစ်လိုစွာပင် ပြန်ပြောရင်း ရယ်မိသည် ။ ပြီးတော့ ကြယ်စင်ဝန်းခဆိုသော ကိုညို့မင်းသားဆီ တစ်ချက် ခိုးကြည့်မိပြန်လျှင် ငေးကြည့်နေသော သူ့မျက်ဝန်းများ ဖြင့် ရင်ဆိုင်တိုးမိတော့ နှလုံးသားလေးက ရှိန်းမြလှုပ်ရှားသွားမိကာ မျှော်လင့်ခိုးကလေး ဝေလာခဲ့သည် ။ အို သူ တကယ်ပဲ မဟာ့ကို စိတ်ဝင်စားနေတာလား။ သူ မရိုးသားလို့ သာ လင်းလက်တို့ ထူးဆန်းတို့လို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း လာစကားမပြောရဲဘဲ အဝေးကနေပဲ ငေးကြည့် ရင်ခုန်နေတာပေါ့။ အဲဒီ အကြည့်ကလေးတွေနဲ့ တင် မဟာ့အတွက် ကျောင်းစတက်ရသော ပထမနေ့သည် ချိုမြိန်ရင်ခုန်ဖွယ်အတိ ပြီးခဲ့ပါသည် ။

***

သူတို့ နှစ်ယောက်သား အဟိဟိ ကျိတ်ရယ်ကြသည် ။

"မင်းတို့ မဟုတ်မဟတ်တွေ လျှောက်မလုပ်ပါနဲ့ ကွာ၊ ကောင်မလေးကြည့်ရတာ အရိုးခံကလေး၊ တကယ်ထင်ပြီး ရောဂါရသွားရင် မင်းတို့ တာဝန် မင်းတို့ ယူနော်၊ ငါ မကယ်နိုင်ဘူး"

ကြယ်စင်က ယတိပြတ်ပြောထားလိုက်သည် ။

ဒီကောင်တွေကြောင့် မိန်းကလေးတွေ သူ့ကို မျှော်လင့်ကြ၊ သူ ဖြေရှင်းရ၊ အထင်တွေ လွဲခံရတာ အကြိမ်ကြိမ်ရှိပြီ။ အဲဒါလည်း သူတို့ အမှတ်မရှိကြ။

"မင်း ကယ်တင်စရာလည်း မလိုပါဘူး၊ သူငယ်ချင်းလို့ ပဲ ဆက်၍ ခေါ်မည် မိုးလို့ ပဲ ရိုးရိုးကလေး ကျွေးလိုက်ရုံပါ။ ငတိမက တကယ်ရက်ရောမယ့်ပုံကွာ၊ တစ်စက်ကလေးမှ တွန့်တိုတတ်ပုံ မရဘူး၊ ဒီတော့ ပိုက်ဆံချေးလို့ ရပြီပေ့ါ၊ တခြားကျောင်းတွေဆီ ခြေစကြာဖြန့်ပြီး သူ့ကားလေးနဲ့ လိမ့်လို့ ရတယ်"

"မင်းကတော့ မြွေပဲ ထူးဆန်း၊ မိန်းကလေးတွေဆီက အဲဒီလောက် မျှော်လင့် မထားချင်စမ်းပါနဲ့ ကွာ၊ ယောကျ်ားသိက္ခာကျပါတယ်၊ လောကမှာ အပေးအယူ သဘောတွေ ရှိတတ်တယ်ကွ၊ မင်း သူ့ဆီက ယူထားဖူးရင် သူ့ကို တစ်ခုခုတော့ ပြန်ပေးရလိမ့်မယ်"

"ဟ ငါပေးနိုင်တာဆိုရင် ပြန်ပေးမှာ ပေ့ါကွ၊ ငါကလည်း အပေးအယူ သဘောလေးတွေကို သဘောကျပြီးသားပါ"

ထူးဆန်းက တစ်စက်ကလေးမှ မလျှော့။ လင်းလက်က သူ့ပခုံးကိုပုတ်ပြီး။

"ကြယ်စင် မင်း ဘာမှ အလေးအနက်ကြီး တွေးမနေနဲ့ ၊ ဒါ ငါတို့ ရဲ့ လူငယ်ဘဝရဲ့ သဘာဝပဲ၊ ပျော်ပျော်ရွှင်ရွှင်ပဲ လွတ်လွတ်လပ်လပ် ခံစားမယ်၊ တစ်ဖက်သားကို ဆိုးဆိုးရွားရွား မထိခိုက်၊ မနစ်နာစေရင် ပြီးတာပဲ၊ သူ့ကို မတရားတာ ဘာမှ မလုပ်ဘူး၊ သူ သဒ္ဓါလို့ ကျွေးတာ၊ သူ ကြည်ဖြူလို့ ချေးတာ၊ အေးဆေး သူငယ်ချင်း၊ သူလည်း ဆင်းရဲမသွားဘူး၊ ငါတို့ လည်း ချမ်းသာမသွားဘူး၊ ယုတ်မာတာ၊ ကောက်ကျစ်တာ၊ လှည့်စားတာ ဘာမှ မပါဘူး"

ဟု ခုခံချေပပါသည် ။ ကြယ်စင် ဘာမှ မပြောတော့။

***

သူများ တွေအတွက်တော့ မသိ။ သလင်းအတွက်တော့ တစ်နှစ်လုံး ပေါင်းသင်းရမည့် သူငယ်ချင်းမျိုးရဖို့ အတွက် ရင်ဘတ်ချင်း သံစဉ်ညီသော သူငယ်ချင်းမျိုးကိုသာ လိုအပ်ပါသည် ။ သလင်း၏ စရိုက်က သိပ်ပြီးတော့ မိန်းမ မဆန်သောကြောင့် မိန်းကလေးချင်းရယ်မှ မဟုတ်ဘဲ ယောကျ်ားလေးတွေနှင့်လည်း ပေါင်းလို့ သင်းလို့ ရပါသည် ။ ပြီးတော့ သလင်းအတွက သူငယ်ချင်း ဆိုတာ တကူးတက လိုက်ရှာဖွေရတာ အရာမျိုးမဟုတ်။ သစ်ရွက်ကြွေတွေလို နေရာအနှံ့ တွေ့နိုင်သော ပ

လတ်စတစ် သူငယ်ချင်းမျိုးလည်း မလိုချင်။ သူငယ်ချင်းဆိုတာ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် တန်ဖိုးထား ယုံကြည်ရသော မျှဝေနားလည်နိုင်စွမ်း ရှိသော ရတနာတစ်မျိုး ဖြစ်စေချင်သည် ။

အတန်းတစ်ချိန် တက်ပြီးချိန်မှာ သလင်း သဘောကျစရာ သူငယ်ချင်းလေးနှစ်ယောက်ကို တွေ့သည် ။ တစ်ယောက်က သွက်သွက်လက်လက်၊ မဟုတ်မခံ၊ ဇတ်ဇတ်ကြဲကလေး။ နားမှာ i pod ကလေးတပ်ထားပြီး ဆရာမလစ်လျှင် သီချင်းခိုးနားထောင်တတ်သော သီချင်းသူရဲမကလေး။

"ဘာသီချင်းတွေ နားထောင်နေတာလဲ"

ဟု သလင်းက သူမနံဘေးမှာ ဝင်ထိုင်လိုက်ပြီး ပြုံး၍ မေးလိုက်သည် ။

"အိုး..အစုံပဲ၊ အင်တာနက်ထဲကနေ အသစ်တွေထဲက တို့ ကြိုက်သမျှ down load လုပ်ယူထားတာလေ။ အခု နားထောင်နေတာ lady Gaga ရဲ့ Bad Romance လေ၊ အရမ်းမိုက်တယ်၊ လန်နေတာပဲ၊ MTV ကြည့်ပြီးကတည်းက ကြိုက်နေတာ"

ဟု ခပ်သွက်သွက်ကလေး ဖြေသည် ။ အဲဒီကတည်းက သူမနှင့် ရင်ဘတ်ချင်း ကာလာညီပြီဆိုတာ သလင်းက သဘောပေါက်လိုက်ပြီ။

"အေး တို့ လည်း ကြိုက်ပြီးသား၊ Lady Gaga ကို Paparazzi ကတည်းက ကြိုက်ခဲ့တာ၊ တို့ ကားပေါ်မှာ ဂီတာပါတယ် သိလား၊ အားရင် သီချင်းနားထောင်ချင်ရင် တို့ တီးပြမယ်"

"တကယ်..အမိုက်စားပါလားကွယ်၊ ကြိုက်သွားပြီ ဆရာ၊ တို့ က ဂီတာတီးတတ်တဲ့ ချစ်သူ တစ်ယောက် လိုချင်ခဲ့တာ၊ အခုတော့ ဂီတာတီးတတ်တဲ့ သူငယ်ချင်း ရတော့လည်း ပိုကောင်းတာပေါ့၊ သူငယ်ချင်းဆို

တော့ တို့ အသည်းကွဲရမှာ ပူစရာမလိုတော့ဘူးပေ့ါ။ ဟုတ်တယ်ဟုတ်၊ ချစ်သူဆိုတာက ဇယားရှုပ်တယ်၊ အချိန်တွေ ပေးရတာနဲ့ သဝန်တိုတာနဲ့ ၊ ရန်ဖြစ်တာနဲ့ ၊ မမိုက်ဘူး ဟုတ်တယ်နော်"

"ဟုတ်တာပ ဟုတ်တာပ"

"တို့ နာမည် သစ္စာမေတ့ဲ ၊ နောက်ဆို အမြဲ အတူထိုင်မယ်နော်"

သစ္စာက လက်ဖဝါးတစ်ဖက် ကမ်းပေးသဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ပါသည် ။ ခုံတန်း၏ ထောင့်စွန်းမှာ ထိုင်နေသော ဝတ္ထုစာအုပ် ခိုးဖတ်နေသော ကောင်မလေးက သလင်းတို့ ဘက်ဆီ စိတ်ဝင်တစား လှည့်ကြည့်လာသည် ။ သူမ၏ မျက်နှာကလေးပေါ်မှာ ခင်မင်နှစ်လိုဖွယ်၊ ဖြူစင်အပြစ်ကင်းသော အပြုံးနွေးနွေးကလေးနှင့်။

"တို့ က သက်ထက်ပို ပါ၊ တို့ လည်း ခင်ချင်တယ် ရမလားဟင်၊ သူက ဂီတာတီးတတ်တယ်ဆိုလို့ စိတ်ဝင်စားသွားတာ၊ မိန်းကလေး ဂီတာတီးတတ်တာ တို့ အရမ်းကြိုက်တယ် သိလား"

"ကဲ တွေ့ကြပြီပေ့ါလေ၊ တို့ နာမည်က သလင်းနှင်းဆီပါ၊ crystal rose ပေ့ါ၊ ဟဲ ဟဲ တို့ သုံးယောက် တွဲလို့ ရပြီပေ့ါ အိုကေ"

အတန်းပြီးချိန်မှာ သစ္စာနှင့် အသက်တို့ က နားထောင်ချင်သည် ဆိုသောကြောင့် သူတို့ ကို ကားပေါ်ခေါ်ပြီး ဂီတာတီးပြစဉ်မှာ ဂီတာသံကြောင့် သလင်းကားနားမှာ လူတွေ မယောင်မလည် စည်ကားလာခဲ့တော့သည် ။ ကောင်လေးတွေ ပိုများ ပါသည် ။ တချို့က နားထောင်ပြီး လက်ခုပ်တီးပေးသလို၊ တချို့ကလည်း ရွှတ်နောက်နောက်နှင့် ဟားချင်သည် ။ သလင်းက ဂရုမစိုက်တတ်သူပင်။ ဂီတာတီးလိုက်ရလျှင် ရေဆာနေတုန်း ရေကြည်ကြည် အေးအေးကလေး သောက်လိုက်ရသလိုပင် ရင်ထဲ အဆာပြေသွားကာ ပျော်ရွှင် စိတ်ချမ်းသာသွားတတ်မြဲ။

လာနားထောင်သူတွေထဲက ကောင်လေးတချို့ဂီတာကို လာကိုင်ကြည့်ရင်း မိတ်ဆက်ကာ ခင်မင်သွားသည် ။

"ဟာ ဂီတာက မိုက်တယ်နော်၊ YAMAHA ပဲ၊ အပုံစားကွ၊ ခဏကိုင်ကြည့်မယ်နော်၊ မင်းလက်သံက တော်တော်ကျွမ်းတဲ့ professio nal အဆင့်တောင်မီတယ်"

ဆိုပြီး မြှောက်လိုက်သေးသည် ။

"ဟား အမှန်တွေ သိပ်မပြောနဲ့ လေ၊ သူများ တွေ အမြင်ကတ်လိမ့်မယ်"

"တကယ်ပြောတာပါ မမြှောက်ပါဘူး၊ ဘယ်အရွယ်ကတည်းက ဂီတာသင်ထားတာလဲ"

"ဆယ်နှစ်သမီး"

"အိုး မိုင်ဂေ့ါဒ် လေးစားပါတယ်ဗျာ၊ ကျွန်တော့်နာမည် ထူးဆန်းပါ၊ ဒီကောင်က လင်းလက်၊ နောက်တစ်ယောက် ကျန်သေးတယ်၊ ဒီကောင်လည်း ဂီတာ တအားကျွမ်းတယ်၊ သူလည်း ဆယ်နှစ်သားလောက် ကတည်းက ဂီတာ စသင်တာ၊ သူကလည်း professional ဖြစ်ချင်တာလေ၊ ဟိုမှာ လာနေပြီ၊ ဟေ့ကောင် ကြယ်စင်"

ကောင်လေးတစ်ယောက်ကို လှမ်းပြီး လက်ခုပ်တီးကာ ခေါ်လိုက်သည် ။ သလင်းက ထိုကောင်လေးဆီ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသည် ။ ဘာရယ်တော့ မဟုတ်ပါဘူး။ မှတ်မှတ်ထင်ထင်ကလေးတော့ ဖြစ်သွားမိခဲ့သည် ။ သူက ညို့ပြုံးလိုလို အပြုံးတစ်စနှင့် သလင်းတို့ ဆီ လျှောက်လာနေခဲ့သည် ။

"ဒီကောင်က ကြယ်စင်ဝန်းခတဲ့ "

အဲဒီတုန်းကတော့ တကယ်ကို အမှတ်တမဲ့ပါပဲ။

***